## (၂) ဘက်တီးရီးယားပင်ညှိုးရောဂါ (Bacterial wilt)

**ရောဂါဖြစ်စေသောသက်ရှိ- *Ralstonia solanacearum* race 1 (Smith 1896) Yabuuchi et al. 1996**

### ရောဂါလက္ခဏာများ

အပင်ကြီးများတွင် အောက်ရွက်မှလည်းကောင်း၊ အပင်ငယ်များတွင် အပေါ်ရွက်မှ လည်းကောင်း စတင်ညှိုးသည်။ အရွက်ဝါခြင်းမရှိဘဲ တစ်ပင်လုံး ညှိုးသည်။ ပင်စည် အောက်ပိုင်းအစာရေကြောစည်းနှင့်အမြစ်တို့အရောင်ပြောင်းလဲနေသည်။ မြေပြင်နှင့်ကပ် လျှက်အပိုင်းကို ဖြတ်၍ ရေထဲနှစ်ကြည့်ပါက နွားနို့နှစ်ရောင် ဘက်တီးရီးယား စိမ့်ထုတ်ရည် များထွက်ရှိသည်ကို မြင်နိုင်သည်။







### ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါသည် သီးနှံစိုက်ရာသီဆက်တိုက်ကျပါက ငရုတ်၊ ခရမ်းချဉ်၊ အာလူး မဟုတ်သောအခြားသီးနှံများနှင့်အလှည့်ကျစိုက်ပျိုးပါ။
- အခြားလက်ခံသီးနှံပင်များဖြစ်သည့် ပေါင်းမြက် များရှင်းလင်းပါ။
- မြေကို နွေထယ်ရေးခံ၍ စိုက်ပါ။

- စိုက်ခင်းများ၊ ပျိုးထုပ်များတွင် ရေများခြင်း၊ ရေဝပ်ခြင်းမရှိစေရန် အထူး ဂရုပြုပါ။
- စိုက်ခင်းမြေတွင် နီမတုတ်များရှိခြင်းသည် ဘက်တီးရီးယားပင်ညှိုးရောဂါကို ပိုမိုဆိုးရွားစေသည်။